# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 5, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့)


ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်မှုစနစ် the Regional Payment Connectivity (RPC) ၊ MMQR နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၃




စက်မှုဇုန်များက ထောက်ပံ့ရေး ကွင်းဆက် တိုးတက်ရေးအတွက် အလေးပေးဆောင်ရွက်

စာမျက်နှာ ၁၀



ဟောင်ကောင် တက္ကသိုလ်များက ဒေသခံ မဟုတ်သော ကျောင်းသားများကို ၂၀၂၆ ခုနှစ်မှ စ၍ ပိုမိုလက်ခံမည်

စာမျက်နှာ ၁၈



ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၂၀၂၅ ခုနှစ် ထိပ်သီးအစည်းအဝေး - ကမ္ဘာ့အစီအစဉ်သစ် ဖော်ဆောင်နိုင်ရေးအတွက် ပေကျင်း၏ ကြိုးပမ်းမှုများမှ အဓိကကောက်နုတ်ချက်များ

စာမျက်နှာ ၂၅



# သတင်းများ


| | | |
|---|---|---|
| အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံတို့အကြား ချုပ်ဆိုသော လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်သည် ၂၀၂၇ ခုနှစ်တွင် စတင် အသက်ဝင်မည်ဖြစ်ပြီး အီးယူက အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပိုမိုဝင်ရောက်လာစေရန် မျှော်မှန်းထား | ဒေါ်နန်းခင်ခင်မြင့် (DICA) | ၁ |
| ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်မှုစနစ် the Regional Payment Connectivity (RPC) ၊ MMQR နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ဒေါ်ခင်ငြိမ်းငြိမ်းဝင်းစံ (DICA) | ၃ |
| Coinbase အမှုဆောင်အရာရှိချုပ် Brian Armstrong သည် ၂၀၃၀ တွင် ဒေါ်လာ ၁ သန်းအထိ မြင့်တက်လာလိမ့်မည်ဟုခန့်မှန်း | ဒေါ်ဆုအိမ်သူ (UMO) | ၈ |
| စက်မှုဇုန်များက ထောက်ပံ့ရေးကွင်းဆက် တိုးတက်ရေးအတွက် အလေးပေးဆောင်ရွက် | ဒေါ်ကျော့ကေခိုင် (DICA) | ၁၀ |
| ၂၀၂၆ ခုနှစ်တွင် အာဆီယံ စီးပွားရေးကဏ္ဍကို ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်မည် | ဒေါ် ဝေဝေဇင် (FERD) | ၁၂ |
| ထရမ့်သည် “အမေရိကန်ပထမ” နိုင်ငံခြားအကူအညီရန်ပုံငွေ ပြောင်းလဲမှုကို အစီအစဉ်ချထား | ဦးဟိန်းဇော် (FERD) | ၁၃ |
| ၂၀၂၅ ခုနှစ် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို OECD မြှင့်တင်ပြင်ဆင် | ဦးအောင်မြင့်သန့် (FERD) | ၁၅ |
| Illinois ရှိ စက်ရုံပိတ်မည့် US Steel ၏ အစီအစဉ်အား အမေရိကန်သမ္မတက တားမြစ်ခဲ့သည်ဟု အမေရိကန်မီဒီယာများဖော်ပြ | ဦးအောင်မြင့်သန့် (FERD) | ၁၇ |

# သတင်းများ


| | | |
|---|---|---|
| ဟောင်ကောင်တက္ကသိုလ်များက ဒေသခံ မဟုတ်သော ကျောင်းသားများကို ၂၀၂၆ ခုနှစ်မှစ၍ ပိုမိုလက်ခံမည် | ဒေါ်ရီရီမွန် (FERD) | ၁၈ |
| အိန္ဒိယနှင့် အီးယူတို့သည် လွတ်လပ်သော ကုန်သွယ်မှု ဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် (FTA) ကို အပြီးသတ်ရန် နီးကပ်လာချိန် လာမည့် အောက်တိုဘာလတွင် ဆွေးနွေးပွဲကျင်းပမည် | ဦးဝေယံထွဋ်မြ (FERD) | ၁၉ |
| အင်ဒိုနီးရှားအစိုးရက ရူပီးယား ၁၆ ထရီလီယံကျော် အသုံးပြုမည့် စီးပွားရေးနှိုးဆွမှု အစီအစဉ်ကိုထုတ်ပြန် | ဒေါ်ထက်ထက်လွင် (FERD) | ၂၁ |
| Tik Tok ၏လုပ်ငန်းများကို ရောင်းချရန် ဆွေးနွေးခြင်း အပါအဝင် အမေရိကန်-တရုတ် ကုန်သွယ်ရေး ဆွေးနွေးမှုများ စပိန်တွင် စတင် | ဦးအောင်မြင့်သန့် (FERD) | ၂၂ |
| တရုတ်နှင့်အိန္ဒိယကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် ထရန့်က အီးယူကိုတွန်းအားပေး | ဒေါ် ဇော်မီမီမော် (FERD) | ၂၃ |
| ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၂၀၂၅ ခုနှစ် ထိပ်သီးအစည်းအဝေး - ကမ္ဘာ့ အစီအစဉ်သစ် ဖော်ဆောင်နိုင်ရေးအတွက် ပေကျင်း၏ ကြိုးပမ်းမှုများမှ အဓိကကောက်နုတ်ချက်များ | ဒေါက်တာခင်ဆွေဦး (UMO) | ၂၅ |

# အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံတို့အကြားချုပ်ဆိုသော လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်သည် ၂၀၂၇ ခုနှစ်တွင် စတင် အသက်ဝင်မည်ဖြစ်ပြီး အီးယူက အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပိုမိုဝင်ရောက်လာစေရန် မျှော်မှန်းထား




အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂ (EU) နိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကိုအင်ဒိုနီးရှားနိုင်ငံစီးပွားရေးရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Airlangga Hartartoနှင့်ဥရောပသမဂ္ဂ(EU)ကုန်သွယ်ရေးနှင့် စီးပွားရေး လုံခြုံရေးဆိုင်ရာ ကော်မရှင်နာ Maros Sefcovic တို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤသဘောတူညီချက်အရ ကုန်သွယ် လုပ်ငန်းခွန် ၉၈ ရာခိုင်နှုန်းကျော်ကို ပယ်ဖျက် ပေးသွားမည်ဖြစ်ရာ ကုန်သွယ်ရေးအတွက် လမ်းပွင့်စေပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း သစ်များ ရရှိစေမည်ဖြစ်ပါသည်။

ဥရောပသမဂ္ဂ (EU) အနေဖြင့် သဘောတူ စာချုပ်ချုပ်ဆိုရာတွင် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်လာနိုင်စေရန် ရည်ရွယ်၍ အင်ဒိုနီးရှားနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ကုန်သွယ်မှုများအပေါ် အခွန်ကင်းလွတ်ခွင့်များ ပေးအပ်သွားမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပ သမဂ္ဂ (EU) နိုင်ငံတို့အကြား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်သည် ဆယ်စုနှစ်နီးပါးကြာ ညှိနှိုင်းဆွေးနွေးမှုများ၏ အောင်မြင်မှုကိုပြသနိုင်ခဲ့ပါကြောင်း၊ အမေရိကန်ဒေါ်လာ ၂၀ ထရီလီယံတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုကို မြှင့်တင်ပေးကာ စီးပွားရေးဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းစေမည်ဟု မျှော်လင့်ပါကြောင်းနှင့် စာချုပ် အသက်ဝင်စေရေးအတွက် နှစ်နိုင်ငံရှိလွှတ်တော်များတွင် အတည်ပြုနိုင်ရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး Airlangga Hartarto က ပြောကြားခဲ့ပါသည်။

ဤသဘောတူညီချက်သည် ကုန်သွယ်လုပ်ငန်းခွန် ၉၈ ရာခိုင်နှုန်းကျော်ကို ပယ်ဖျက်ပေးမည်ဖြစ်ရာ ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားပေးပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်မည် ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ပစ္စည်းများအပေါ် အမေရိကန်နိုင်ငံ၏ ၁၉ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မှု

များနှင့် ရင်ဆိုင်နေရချိန်တွင် အဆိုပါသဘောတူ ညီချက်သည် ပို့ကုန်မြှင့်တင်ရန် လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

ဥရောပသမဂ္ဂ (EU) ၏ စိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်းနှင့် ဓာတုဗေဒ လုပ်ငန်းများကမူ ဈေးကွက်ပိုမိုရရှိနေချိန်တွင် အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်း၊ အထည်အလိပ်နှင့် ဖိနပ်ကဲ့သို့သော လုပ်သားအင်အားသုံး ပို့ကုန်များကို ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

ဥရောပနိုင်ငံတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကြောင့် အခွန်မဟုတ်သော အတားအဆီးများနှင့် အချိန်ကြာမြင့်စွာ ရင်ဆိုင်ခဲ့ရသော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်လုပ်ခြင်း လုပ်ငန်းအပေါ် စိုးရိမ်ပူပန်မှုကို နှစ်ဖက်အပြန်အလှန်အသိအမှတ်ပြုခြင်းဖြင့် ဖြေရှင်းနိုင်ပြီ ဖြစ်ကြောင်းကို အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Airlangga Hartarto က ပြောကြားခဲ့ပါသည်။

ဤသဘောတူ စာချုပ်သည် လျှပ်စစ်ကားများ၊ ဆေးဝါးနှင့် အီလက်ထရောနစ်ပစ္စည်းများ ကဲ့သို့သော ကဏ္ဍအသစ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လမ်းဖွင့်ပေးပြီး၊ တစ်ချိန် တည်းမှာပင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးနှင့် ဒီဂျစ်တယ်နည်းပညာများအတွက် အရေးကြီးသော ကုန်ကြမ်းပစ္စည်းများ ရရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

လက်ရှိအင်ဒိုနီးရှားနိုင်ငံ၏ ကားတင်သွင်းမှုအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုကို ငါးနှစ်အတွင်း တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ရာ ဥရောပသမဂ္ဂ (EU) ၏ မော်တော်ကား တင်ပို့မှုများအတွက် လမ်းပွင့်သွားစေပြီး လျှပ်စစ်ကားများတွင် နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုကို အားပေးနိုင်မည်ဖြစ်ပါသည်။ ဥရောပသမဂ္ဂ (EU) ၏ တင်ပို့သူများ အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့သော ကုန်စည်များအပေါ် အကောက်ခွန်ငွေ ယူရို သန်း ၆၀၀ ကျော် (စင်ကာပူ ဒေါ်လာ ၉၀၈.၄ သန်း) ကို နှစ်စဉ် သက်သာစေမည်ဟု ခန့်မှန်းရပါသည်။

စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို ချုပ်ဆိုပြီးနောက်တွင် အင်ဒိုနီးရှားနိုင်ငံသည် ဥရောပသမဂ္ဂ (EU) ၏ တတိယမြောက် မိတ်ဖက်နိုင်ငံ ဖြစ်လာပါသည်။

ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုံခြုံရေးဆိုင်ရာကော်မရှင်နာ Maros Sefcovic က ဤသဘောတူညီချက်သည် အင်ဒိုနီးရှားနိုင်ငံကို ကုန်ကြမ်းပစ္စည်းများအတွက် ကုန်စည်ထောက်ပံ့ရေးကွင်းဆက်များကို ကွဲပြားလာအောင်

ဆောင်ရွက်ရာတွင် အထူးသဖြင့် အီးယူအဖွဲ့အတွက် အဓိက မိတ်ဖက်အဖြစ် နေရာပေးခဲ့ကြောင်း၊ ထို့အတူ စားသုံးသူ သန်း ၂၈၀ အတွက် ဈေးကွက်အသစ်များကို ဖွင့်လှစ်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းသည် အီးယူ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံက ဥရောပသမဂ္ဂ၏ ပို့ကုန် အများစု အပေါ် ၁၅ ရာခိုင်နှုန်းအခွန်စည်းကြပ်နေချိန်ဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။

ထို့အပြင် အီးယူသည် ထိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှား နိုင်ငံတို့ကလည်း သဘောတူ စာချုပ်တွင် ပါဝင်ရန် စိတ်ဝင်စားကြကြောင်း ပြောကြားခဲ့ပါသည်။

Source: https://www.businesstimes.com.sg/international/asean/indonesia -eu-free-trade-pact-kick-2027-eu-eyes-more-asean-members

ဒေါ်နန်းခင်ခင်မြင့်
ဒုတိယဦးစီးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်မှုစနစ် the Regional Payment Connectivity (RPC) ၊ MMQR နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု




အာဆီယံ+၃ စီးပွားရေး အသိုက်အဝန်းတွင်ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ဒီဂျစ်တယ် ငွေပေးချေမှု စနစ်များကို အဆင့်မြှင့်တင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေနိုင်ရန်အတွက် အာဆီယံနိုင်ငံများရှိ ဗဟိုဘဏ်များ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများကို ပိုမိုကောင်းမွန်စေရေးနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သွားလာဆက်သွယ်ရာတွင် ပေးချေရသည့် ကုန်ကျစရိတ်များတွင် နိုင်ငံခြား ငွေလဲလှယ်ခ ကွာဟချက်အတွက် ကုန်ကျစရိတ်များကို

လျှော့ချနိုင်ရေး အသွင်ပြောင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်နှင့်အညီ ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် ဒေသဆိုင်ရာ ငွေပေးချေမှု ချိတ်ဆက်မှု (The Regional Payment Connectivity (RPC) initiative) ကို စတင် အကောင် အထည်ဖော် ခဲ့ပါသည်။ အစီအစဉ်၏အဓိကရည်ရွယ်ချက်မှာ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများတွင်ကာလ ရှည်ကြာ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ ဖြစ်သည့် ကြားခံ ဘဏ်ချိတ်ဆက်မှုစနစ်များ၊အမေရိကန်ဒေါ်လာအပေါ်မှုတည်၍ လဲလှယ်ပြောင်းလဲ အသုံးပြုနေရမှုများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန်နှင့် ငွေပေးချေမှုများတွင် သက် ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းငွေကြေးများကို တိုက်ရိုက်အသုံးပြုနိုင်စေရန်အတွက် ကြားခံစနစ်များကို ဖယ်ရှားခြင်းဖြင့် မလိုအပ်သော အဆင့်များ၊ ကုန်ကျစရိတ် များနှင့်ငွေလဲလှယ်ခြင်းအတွက် ဆောင်ရွက်ရသည့်အချိန်ကုန်မှုများကို သက်သာစေရန် ဖြစ်ပါသည်။

## ပိုမိုထိရောက်သောငွေပေးချေမှုစနစ်

RPC စနစ်ကိုအသုံးပြုခြင်းဖြင့် ငွေပေးချေမှုများကို ပြည်တွင်းငွေကြေး များဖြင့် တိုက်ရိုက် အလဲအလှယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး အာဆီယံအတွင်း နယ်စပ် ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် နှောင့်နှေးခြင်း၊ ကုန်ကျစရိတ်များခြင်းနှင့် နိုင်ငံတစ်နိုင်ငံရှိ ဝယ်သူတစ်ဦးသည် အခြားနိုင်ငံရှိ ရောင်းချသူတစ်ဦးထံ ငွေပေးချေမှု ပြုလုပ်ရာတွင် ပုံမှန်အားဖြင့် ကြားခံဘဏ် အများအပြားနှင့်ချိတ်ဆက်ရခြင်း၊ ငွေကြေးလဲလှယ်မှုများ၊ ငွေလဲလှယ်ခ ကြီးမြင့်မှု နှင့် နှောင့်နှေးမှုများကို လျှော့ချစေနိုင်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံမှ ဝယ်ယူသူတစ်ဦးသည် မလေးရှားနိုင်ငံမှ ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူပါက RPC စနစ်ကို အသုံးပြုခြင်းဖြင့် ဝယ်ယူသူအား ထိုင်းဘတ်ငွေဖြင့် ပေးချေနိုင်စေပြီး မလေးရှား ရောင်းချသူသည် မလေးရှား ရင်းဂစ်ဖြင့် ငွေပေးချေမှုကို လက်ခံနိုင်မည် ဖြစ်ပါသည်။ ဤဆောင်ရွက်မှုများသည် အထူးသဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ဘဏ္ဍာရေးဆိုင်ရာ ပါဝင်မှုကို မြှင့်တင်နေစဉ်တွင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ ပိုမိုမြန်ဆန် ဈေးသက်သာပြီး ပိုမိုပွင့်လင်းမြင်သာမှု ရှိလာစေနိုင်မည် ဖြစ်ပါသည်။ RPC ကို အသုံးပြုခြင်းဖြင့် ကြားခံများစွာကြောင့် ငွေပေးငွေယူခ မြင့်မားခြင်း၊ ငွေပေးချေမှုနှင့် အချိန်ကုန် သက်သာခြင်း၊ မတူညီသော ဘဏ်စနစ်များကြား အပြန်အလှန် လုပ်ဆောင်နိုင်ခြင်း၊ တသမတ်တည်း စံငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာသဖြင့် အဟန့်အတားဖြစ်စေသော စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကွဲပြားမှုများကို လျှော့ချနိုင်မည်

ဖြစ်သဖြင့် ပိုမိုထိရောက်၍ ကုန်ကျစရိတ်သက်သာသော၊ လုံခြုံစိတ်ချရသော ငွေပေးချေမှု စနစ်ကို ဖန်တီးနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည် ဖြစ်ပါသည်။

## ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်ခြင်း

ဒေသဆိုင်ရာ ငွေပေးချေမှု ချိတ်ဆက်မှု (The Regional Payment Connectivity (RPC) initiative) ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်လျက်ရှိရာတွင် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ (MOU) ကို ရေးထိုးခဲ့ပြီး ဖြစ်ပြီး RPC ၏ ကတိကဝတ်ကို ၂၀၂၃ ခုနှစ်တွင် ကျင်းပသော (၄၂) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းငွေပေးချေမှု ချိတ်ဆက်မှုနှင့်ဒေသတွင်း ငွေကြေးလွှဲပြောင်းမှု ကွန်ရက်ကို ပိုမိုမြှင့်တင်ရန် ဒေသတွင်း ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြပါသည်။ ဗီယက်နမ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့အနေဖြင့် RPC စနစ်ကို အပြည့်အဝ ချိတ်ဆက်ထားမှု မရှိသေးသော်လည်း တစ်စိတ်တစ်ပိုင်း ချိတ်ဆက်နိုင်ပြီးဖြစ်သဖြင့် လက်ရှိတွင် အာဆီယံအဖွဲ့ဝင်ကိုးနိုင်ငံတို့အနေဖြင့် RPC စနစ်တွင် ချိတ်ဆက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## QR ငွေပေးချေမှုအခန်းကဏ္ဍ

RPC၏အဓိကလုပ်ငန်းစဉ်မှာ လျင်မြန်စွာတုံ့ပြန်မှု (Quick Response-QR) ငွေပေးချေမှုများကို စံသတ်မှတ်ခြင်းဖြစ်ပြီး Contactless ငွေပေးချေမှု နည်းလမ်းကို နိုင်ငံအလိုက် ငွေပေးချေမှု စနစ်များကို ဘုံ QR ကုဒ်ပုံစံဖြင့် စံသတ်မှတ်နိုင်ရန် အတွက် အာဆီယံနိုင်ငံများရှိဗဟိုဘဏ်များက ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေး လုပ်ဆောင်လျက်ရှိပါသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ KHQR၊ အင်ဒိုနီးရှားနိုင်ငံ QRIS၊ လာအိုနိုင်ငံမှ လာအို QR၊ မလေးရှားနိုင်ငံမှ DuitNow ၊ ဖိလစ်ပိုင်နိုင်ငံမှ QR Ph၊ စင်ကာပူနိုင်ငံ ၏ PayNow ၊ ထိုင်းနိုင်ငံမှ PromptPay နှင့် ဗီယက်နမ်နိုင်ငံ VietQRအပါအဝင် QRကုဒ်စနစ်များစွာကို ချိတ်ဆက်ထားပြီးဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် ၎င်း၏ QR ငွေပေးချေမှုစနစ်ကို RPC တွင် ပေါင်းစည်းရန် စူးစမ်းရှာဖွေနေပြီး ၂၀၂၅ နှစ်ကုန်ပိုင်းတွင် အပြည့်အဝ အကောင်ထည်ဖော်မည်ဟု သတင်းရရှိပါသည်။

အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ဦးဆောင်ကြိုးပမ်းမှုနှင့်အတူ ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်မှုမှာ မကြာသေးမီနှစ်များအတွင်းအရှိန်အဟုန်ဖြင့်တိုးတက်လာခဲ့ပြီးလက်ငင်းငွေပေးချေမှုစနစ်များမှတစ်ဆင့် နှစ်နိုင်ငံနှင့် ဘက်စုံချိတ်ဆက်မှုများကို ထူထောင်ခြင်းဖြင့် သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းများသည် ဘဏ်လုပ်ငန်း အက်ပ်များမှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ

ငွေကြေးလဲလှယ်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ရလဒ်အနေဖြင့်၊ နယ်စပ်ဖြတ်ကျော် QR ပေးချေမှုများသည် ပိုမိုချောမွေ့လာမည် ဖြစ်ပါသည်။ RPC စနစ်ကို တိုးချဲ့ရာတွင်လည်း အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပြင် ပုဂ္ဂလိကဘဏ္ဍာရေးအဖွဲ့အစည်းများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး Visa နှင့် SWIFT ကဲ့သို့သော ကုမ္ပဏီများသည် ၎င်းတို့၏ ဝန်ဆောင်မှုများကို RPC ရည်မှန်းချက်များနှင့်ချိန်ညှိရန်လုပ်ဆောင်လျက်ရှိပြီး RPC အကောင်အထည်ဖော်မှု ကြီးထွားလာသည်နှင့်အမျှ ဘဏ်များနှင့် ငွေကြေး ဝန်ဆောင်မှုပေးသူများသည် ကွန်ရက်တွင်ပါဝင်လာကာ ဒေသတွင်းဘဏ္ဍာရေး ဆိုင်ရာ အခြေခံအဆောက်အအုံနှင့် စည်းမျဉ်းဘောင်များကို အားကောင်းလာစေမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ငွေပေးချေမှုများအတွက် National QR Standard ဖြစ်သည့် MyanmarPay- MMQRကို စတင်အသုံးပြုခြင်း

မြန်မာနိုင်ငံအနေဖြင့် RPC initiative တွင် ချိတ်ဆက်ပါဝင်နိုင်ရေးအတွက် ပြည်တွင်း ငွေပေးချေမှုစနစ်များကို ထောက်ပံ့နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် MMQR ကို မိတ်ဆက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ National Standard အဖြစ် သတ်မှတ်ထားသည့် MMQR စနစ်သည် QR Code ဖြင့် ငွေပေးချေမှုကို ထောက်ပံ့နိုင်သည့် Digital Payment Switch စနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ MMQR Standard ကို အာဆီယံနိုင်ငံများ နည်းတူ စံသတ်မှတ်ချက်စနစ်များနှင့် တစ်ပြေးညီ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ MMQR စနစ်ကို အသုံးပြုခြင်းဖြင့် ငွေလွှဲပြောင်းမှုများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ပြီး အပြန်အလှန် ချိတ်ဆက်ပေးချေ နိုင်ရေး ဆောင်ရွက်ထားရှိသည့်အတွက် ငွေကြေးအဖွဲ့အစည်းများအနေဖြင့် MMQR စနစ်ကို ချိတ်ဆက်အသုံးပြု၍ အပြန်အလှန်ပေးချေမှုများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

MMQR ကို လက်ရှိတွင် AYA Pay၊ KBZ Pay၊ Wave Money၊ OK$၊ CB Pay၊ UABpay၊ A+ Wallet၊ CTZ Pay၊ Yoma၊ Trusty၊ Zego နှင့် Mpitesan တို့ ပါဝင်ဆောင်ရွက်လျက်ရှိပြီး မိုဘိုင်းဘဏ်လုပ်ငန်းများ၊ Mobile Wallet ဆောင်ရွက်သည့်ဘဏ်များ၊ငွေပေးချေမှု အဖွဲ့အစည်းများ အားလုံးပါဝင်လာမည်ဖြစ်ကာ အသုံးပြုသူအချင်းချင်း(Person to Person) ငွေလွှဲပြောင်းခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် အခြားသော ဝန်ဆောင်မှုများအတွက် ငွေပေးချေခြင်းများတွင် MMQR ဝန်ဆောင်မှု များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်စေရေး တိုးချဲ့ဆောင်ရွက်သွား မည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ နှင့် အလွှာစုံ၊ နယ်ပယ်အစုံတွင် MMQR ကို အသုံးပြု၍ ဒီဂျစ်တယ် ငွေပေးချေမှုများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာစေရေး ဆောင်ရွက်သွား




မည်ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများကို အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အာဆီယံဒေသတွင်းနိုင်ငံ များအချင်းချင်း ချိတ်ဆက်၍ QR အသုံးပြု ပေးချေနိုင်ရေး၊ဒေသတွင်းနိုင်ငံများတွင် အသုံး ပြုလျက်ရှိသည့် Mobile Wallet များနှင့် အပြန် အလှန် ချိတ်ဆက် ပေးချေနိုင်ရန်အတွက် အာဆီယံ နိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အိန္ဒိယ နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ချိတ်ဆက်ပြီး စတင် အသုံးပြုနိုင်ရန် ဆွေးနွေးလျက်ရှိပါသည်။

## ဒီဂျစ်တယ်စီးပွားရေး၊ ဒီဂျစ်တယ်ငွေပေးချေမှုများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး

RPC(RegionalPayment Connectivity) နှင့် MMQR (MyanmarPayQR) တို့ကိုတွင်ကျယ်စွာအသုံးပြုလာကြခြင်းဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များနှင့် ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံသူများ အတွက်ငွေပေးချေမှုများ၊ငွေလွှဲပြောင်းမှုများဆောင်ရွက်ရာတွင်ပိုမိုမြန်ဆန်၍ ကုန် ကျစရိတ်သက်သာခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ကြားခံများမလိုအပ်ဘဲ ငွေပေး ချေမှုများကို လုပ်ဆောင်လာနိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်များ လျှော့ချ ခြင်းနှင့် ငွေသားစီးဆင်းမှုများ ပိုမိုကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကို ရရှိစေနိုင် မည်ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများ၊ အပ်ငွေများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံ သူများ၏ မတည်ငွေရင်းများအတွက် မြင့်မားသော ငွေလွှဲခများ၊ နှောင့်နှေး ကြန့်ကြာ မှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာအကောင့်များမှ တိုက်ရိုက် လွှဲပြောင်း ခြင်း များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် DICA နှင့် MIFER က ဝန်ဆောင်မှုပေးလျက်ရှိသော စနစ်များ၏ အီလက်ထရောနစ် ငွေပေးချေမှုစနစ်များ၊ အခကြေး ငွေကောက်ခံမှု များတွင် MMQR ကို လက်ခံခြင်း၊ kiosks နှင့် မိုဘိုင်းအင်တာဖေ့စ်များတွင် MMQR ကို အသုံးပြုခြင်းဖြင့် ပြည်သူ့ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူ မြန်ဆန်စေရန် မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ RPC ကို အသုံးပြုခြင်းဖြင့် ပေါင်းစည်း ထားသော ဒီဂျစ်တယ်ငွေပေးချေမှုများ စီးပွားရေးလုပ်ငန်း များ၊ ရင်းနှီးမြှုပ်နှံသူများ နှင့် အေဂျင်စီများအနေဖြင့် ပိုမိုကောင်းမွန်သောစနစ်၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ရင်းနှီး မြှုပ်နှံသူများ၏ ဘဏ္ဍာရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများအပေါ် လိုက်နာမှု ရှိ မရှိ၊

ငွေပေးချေမှုဆိုင်ရာ လွှဲပြောင်းမှုများတွင် ထိန်းကျောင်းလာနိုင်မည် ဖြစ်ပါသည်။ အာဆီယံနိုင်ငံများရှိ အစိုးရအေဂျင်စီများအနေဖြင့် RPC ၏ နယ်စပ် ဖြတ်ကျော် စီးဆင်းမှုများအတွက် ပြင်ဆင်နေချိန်တွင် ငွေပေးချေမှုများအတွက် MMQR ကို အကောင်အထည်ဖော်ခြင်းသည် ပိုမိုမြန်ဆန်စွာ၊ ခြေရာခံနိုင်သော၊ လုံခြုံသောအခ ကြေးငွေကောက်ခံမှုများကို လွယ်ကူချောမွေ့စေနိုင်မည်ဖြစ်ပြီး အနာဂတ် အာဆီယံ တစ်ဝန်းတွင် ချောမွေ့သော၊ နယ်နိမိတ်မရှိသော ငွေပေးချေမှု စနစ်များဖြင့် ပိုမို ကျယ်ပြန့်သော စီးပွားရေးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးလာနိုင်မည် ဖြစ်ပါသည်။

Source: https://amro-asia.org/enhancing-regional-payment-connectivity across-asean3-economies
https://myanmarpay.com.mm/

ဒေါ်ခင်ငြိမ်းငြိမ်းဝင်းစံ
လက်ထောက်ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ၂၀၃၀ ပြည့်နှစ်တွင် Bitcoin တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ သန်း အထိ မြင့်တက်လာနိုင်မည်ဟုခန့်မှန်း

Bitcoin သည် ခိုင်မာသော ဝယ်လိုအားနှင့် Bitcoin စည်းမျဉ်း အသစ်များအကြောင်း ငွေကြေးကျွမ်းကျင်သူများက ပြောဆိုခြင်းဖြင့် အနာဂတ်တွင် ကြီးမားသော တန်ဖိုးမြင့်တက် သွားမည်ဖြစ်သည်။ Bitcoin သည် ယနေ့ခေတ် ပြောင်းလဲနေသော ငွေကြေး လောကတွင် ရွှေ၊ စတော့ များနှင့် ပိုတူလာသည်။

Coinbase အမှုဆောင်အရာရှိချုပ် Brian Armstrong က Bitcoin တန်ဖိုးသည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁ သန်းသို့ ရောက်ရှိနိုင်သည်ဟု ဟောကိန်း ထုတ်ခဲ့ပြီး အဓိက အကြောင်းအရင်းများမှာ ခရစ်တို ငွေကြေးနှင့် ပတ်သက်သည့် ရှင်းလင်းသော စည်းမျဉ်းများ၊ အမေရိကန်အစိုးရမှ Bitcoin ကို ဝယ်ယူထားခြင်း နှင့် အဖွဲ့အစည်းကြီးများမှ ဝယ်လိုအားများ လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်အစိုးရသည် Bitcoin အရန်ငွေများ တည်ဆောက်ရန် အစီအစဉ်များ ရှိခြင်းကြောင့် Bitcoin တန်ဖိုး

မြင့်တက်လာသည်ဟု Fox Business မှ ပြောကြားခဲ့သည်။




ခရစ်တို ငွေကြေးနှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းမှု အမေရိကန် အစိုးရသည် Bitcoin ကို စတင်လက်ဝယ် ကိုင်ဆောင်လာမှု၊ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်း ကြီးများမှ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ဝင်ရောက်လာခြင်းသည် Bitcoin အား ဝယ်လိုအားကြီးမားလာနိုင်သည်။ ထို့ကြောင့် Bitcoin အား ရင်းနှီးမြှုပ်နှံမှု တိုးတက်လာပါသည်။ Bitcoin သည် ရွှေနှင့် စတော့ ဈေးကွက်၏ ပေါင်းစပ်မှုနှင့်တူသည်။

GENIUS Act ငွေကြေးဥပဒေသည် Coin ငွေကြေးများအတွက် သင့်လျော်သော စည်းမျဉ်းများကို ကျင့်သုံးကာ ခရစ်တို ငွေကြေးမူဝါဒကို ရှေ့သို့တွန်းပို့နေသည်ဟု Donald Trump ၏ သမ္မတသက်တမ်းမှာ အသိအမှတ်ပြုခဲ့သည်။ Coinbase အမှုဆောင်အရာရှိချုပ် Brian Armstrong သည် Bitcoin နှင့် Ethereum ကဲ့သို့သော ဒီဂျစ်တယ် ငွေကြေးပိုင်ဆိုင်မှုများအတွက် ဈေးကွက်ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများ ဖန်တီးရန် အမေရိကန်ပြည်ထောင်စု ဥပဒေပြု လွှတ်တော်တွင် ကြိုးပမ်းမှုကိုလည်း ပြောကြားခဲ့သည်။ Bitcoin သည် စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုအတွက်သာမကငွေပေးချေမှု၊နေ့စဉ်ငွေကြေး ဝန်ဆောင်မှုများအတွက် ဘဏ်အစားထိုး လုပ်ဆောင်လာနိုင်ပြီး ခရစ်တို ငွေကြေးသည် ဘဏ္ဍာရေးစနစ်ကို ပိုမိုခေတ်မီလာစေသည်။ အမေရိကန်အစိုးရသည် Bitcoin အား လက်ခံလာမှုနှင့် စီးပွားရေးလုပ်ငန်းရှင် အဖွဲ့အစည်းများမှ Bitcoin အား ဆက်လက်သုံးစွဲ နေပါက Bitcoin၏ တန်ဖိုး သည် ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၁ သန်းထိ မြင့်တက်လာနိုင်သည်ဟု Coinbase အမှုဆောင် အရာရှိချုပ် Brian Armstrong ကခန့်မှန်းခဲ့သည်။

Source- https://economictimes.indiatimes.com/news/international/us/coinbase-ceo-predicts-bitcoin-will-soar-to-1-million-by-2030-heres-what-could-drive-it/articleshow/124118697.cms?from=mdr

ဒေါ်ဆုအိမ်သူ
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# စက်မှုဇုန်များက ထောက်ပံ့ရေးကွင်းဆက်တိုးတက်ရေးအတွက် အလေးပေးဆောင်ရွက်

ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင်အဖွဲ့ (IEAT) သည် ကုန်ထုတ်လုပ်မှုကဏ္ဍကို ပိုမိုခိုင်မာအောင် တိုင်းပြည်၏ ထောက်ပံ့ရေးကွင်းဆက်များကို တိုးတက်အောင်မြှင့်တင်ပြီး တန်ဖိုးတိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

ယခုအချိန်အထိ အာဏာပိုင်များသည် ကုမ္ပဏီအသီးသီးမှ အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်များကို မြှင့်တင်ရန် အလေးထားခဲ့ကြပြီး ထောက်ပံ့ရေးကွင်းဆက်ဖွံ့ဖြိုးရေးကိုမူ အနည်းငယ်သာ ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင်အဖွဲ့ (IEAT) ၏ အုပ်ချုပ်ရေးမှူး Sumet Thangprasert က ကျွန်ုပ်တို့သည် နိုင်ငံတွင်း ထောက်ပံ့ရေးကွင်းဆက် တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတွေးအခေါ်အသစ်တစ်ခုနှင့်အတူ လာခဲ့ကြသည်ဟု ပြောကြားခဲ့သည်။

ဤလုပ်ဆောင်မှုအတွက် ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (FTI) နှင့် ၎င်း၏ အဖွဲ့ဝင်များဖြစ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းအသင်း ၄၇ ခု မှ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်းသိရှိရသည်။



Mr Sumet သည် ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်(FTI)ဥက္ကဋ္ဌ Kriengkrai Thiennukul နှင့်အတူ ထုတ်လုပ်ရေးကဏ္ဍများနှင့် ထောက်ပံ့ရေး ကွင်းဆက်ဖွံ့ဖြိုးရေး အစီအစဉ်များအပေါ် ရင်းနှီးမြှုပ်နှံမှုကို ပူးပေါင်း ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ (MoU) လက်မှတ် ရေးထိုးခဲ့ကြသည်။

သတ်မှတ်ထားသော စက်မှုကဏ္ဍများကို ထိုင်းနိုင်ငံ၏ အရှေ့ပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးအထူးဒေသ (EEC) တွင် မြှင့်တင် လုပ်ဆောင်လျက်ရှိပြီး ၎င်းသည် Chon Buri၊ Rayong နှင့် Chachoengsao ပြည်နယ်များ၏ အစိတ်အပိုင်းများကို လွှမ်းမိုးထားသည်။

အစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထူးဒေသ (EEC) ကို နိုင်ငံ၏ နည်းပညာမြင့်မားသော စက်မှုဗဟိုချက်အဖြစ် ပြောင်းလဲရန် ရည်ရွယ်ထားပြီး၊ မျိုးဆက်သစ်ကားများနှင့်စမတ်အီလက်ထရောနစ်ပစ္စည်းများ အပါအဝင် S-curve စက်မှုကဏ္ဍ ၁၂ ခု ကိုလည်း ထောက်ပံ့ရန် ရည်ရွယ်ထားသည်။

ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင်အဖွဲ့ (IEAT) က EEC အပြင်ဘက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်လိုကြောင်း Mr. Sumet က ပြောကြားခဲ့ပြီး၊ ၎င်းသည် ထုတ်လုပ်ရေးကဏ္ဍ အတွက် အကျိုးရှိစေမည်ဟု ပြောကြားခဲ့သည်။

Mr. Sumet က **"ဤအယူအဆကို EEC ပြင်ပရှိ စက်မှုဇုန်များအပါအဝင် စက်မှုဇုန်များစွာတွင် အသုံးပြုလိုပြီး စက်မှုဇုန်တစ်ခုစီသည် စီးပွားရေးကို မောင်းနှင်ရန် အလားအလာရှိသည်"**ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင်အဖွဲ့ (IEAT) နှင့် ထိုင်းစက်မှု လုပ်ငန်းအဖွဲ့ချုပ် (FTI) တို့ သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးပေးမှု အစီအစဉ်အသစ်များ ပူးတွဲမူကြမ်းကို ဆွေးနွေးလျက်ရှိကြသည်။

FTI ဥက္ကဋ္ဌ Mr. Kriengkrai က ထိုင်းနိုင်ငံ GDP ၏ သုံးပုံတစ်ပုံခန့်ရှိသော ထုတ်လုပ်ရေး ကဏ္ဍကို မြှင့်တင်ရန်အတွက် အစီအမံသစ်များလိုအပ်လျက်ရှိရာ ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင် အဖွဲ့ (IEAT) ၏ အစီအစဉ်များသည် ကြိုဆိုဖွယ်ရာ ဖြည့်စွက်မှုများ ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**"ကျွန်ုပ်တို့သည် အဖွဲ့ဝင်များထံမှ စက်မှုကဏ္ဍ ၄၇ ခု၏ စီးပွားရေးအချက်အလက်များကို စုဆောင်းပြီး IEAT ထံသို့ ပံ့ပိုးပေးပါမည်"** ဟု သူက ပြောကြားခဲ့သည်။

နိုင်ငံသည် စီးပွားရေးဆိုင်ရာအဟန့်အတားများနှင့် အမေရိကန် တားမြစ်ခွန်များ၏ သက်ရောက်မှုတို့နှင့် ရင်ဆိုင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုသည် GDP တိုးချဲ့မှုကို မြှင့်တင်ရန် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်သည်ဟု Mr. Kriengkrai က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံစက်မှုဇုန်အာဏာပိုင်အဖွဲ့ (IEAT) သည် ယခုနှစ်တွင် စက်မှုဇုန်မြေ ၁၀၀၀၀ ဧက ရောင်းချရန် ရည်မှန်းထားသော်လည်း လက်ရှိတွင် ၅၀၀၀ ဧကသာ ရောင်းချနိုင်ကြောင်း သိရှိရသည်။

ရောင်းချမှုပမာဏနည်းပါးရခြင်းမှာ ဝါရှင်တန်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ နှောင့်နှေးခြင်းနှင့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံတို့အကြား လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ် ကွာခြားမှုများသည် ရင်းနှီးမြှုပ်နှံသူများအား စဉ်းစားစေ မိစေသည့် အကျိုးဆက်ကြောင့် ဖြစ်ကြောင်း မစ္စတာစုမက်က ပြောကြားခဲ့သည်။"

Source: https://www.bangkokpost.com/business/general/3102528/ industrial-estates-eager-to-improve-supply-chain

ဒေါ်ကျော့ကေခိုင်
အငယ်တန်းစာရေး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၆ ခုနှစ်တွင် အာဆီယံ စီးပွားရေးကဏ္ဍကို ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်မည်



ဖိလစ်ပိုင်သည် ၂၀၂၆ခုနှစ် ဇန်နဝါရီလ မှစတင်၍ အာဆီယံ၏ စီးပွားရေး လားရာ လမ်းကြောင်းကို ဦးဆောင် လိမ့်မည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင်ဖိလစ်ပိုင်နိုင်ငံ၊ကုန်သွယ်ရေးနှင့်စက်မှုဌာန၏အတွင်း ရေးမှူးဖြစ်သူ Ms. Cristina A. Roque သည် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဖြစ်သူ H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz ထံမှ အာဆီယံ စီးပွားရေးဝန်ကြီးများ (AEM) ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းတာဝန် ယူခဲ့ပါသည်။

အတွင်းရေးမှူး Ms. Cristina A. Roque က ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အာဆီယံ၏ စီးပွားရေး တိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား နောက်ထပ်အဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် အသစ်ထုတ်ပြန်ခဲ့သော အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ မှတစ်ဆင့် အလုပ်အကိုင်အခွင့် အလမ်းသစ်များ ဖန်တီးပေးရန်၊ ဆန်းသစ်တီထွင်မှုကို လှုံ့ဆော်စေရန်နှင့် ဒေသတွင်းစီးပွားရေး လုပ်ငန်းများနှင့် လူထုကအားလုံး ပါဝင်မှုကို မြှင့်တင်ရန် စသည့်ပြောင်းလဲမှုများကို အလေးထားဆောင် ရွက်မည်ဖြစ်ပါသည်။ မလေးရှားနိုင်ငံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ရရှိထားသော တိုးတက်မှုအရှိန်အဟုန်အပေါ် အခြေပြု၍ ဖိလစ်ပိုင်နိုင်ငံက ဆက်လက်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်သည်ဟု အတွင်းရေးမှူး Ms. Cristina A. Roque က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမှုကို ခိုင်မာနက်ရှိုင်းစေခြင်းဖြင့် အာဆီယံ၏ စစ်မှန်သော စိတ်ဓာတ်ကို ကိုင်ဆောင်သွားမည်ဟု ကတိကဝတ်ပြုကြောင်း အတွင်းရေးမှူး Cristina A. Roque က ထပ်လောင်း ပြောကြားခဲ့ပါသည်။

အာဆီယံ စီးပွားရေးဝန်ကြီးများ ဥက္ကဋ္ဌရာထူး လွှဲပြောင်းခြင်း အခမ်းအနားကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အစည်းအဝေးကာလအတွင်း ကျင်းပခဲ့ပါသည်။ အစည်းအဝေးကာလအတွင်း အတွင်းရေးမှူး Ms. Cristina A. Roque သည် ဆွေးနွေးဖက်များဖြစ်သည့်

ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ရုရှား၊ ဗြိတိန်၊ အမေရိကန်နှင့် ဟောင်ကောင်၊ တရုတ် တို့မှ စီးပွားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များအား တွေ့ဆုံခဲ့ပြီး ဒေသတွင်း ပေါင်းစည်းမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ပါသည်။

အာဆီယံဒေသ၏ စီးပွားရေးကဏ္ဍ တိုးတက်ရေးအတွက် တာဝန်ရှိသော အဖွဲ့အဖြစ် ဆောင်ရွက်နေသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးများဖြင့် ဖွဲ့စည်းထားပြီး တီမောလ်လက်တေနိုင်ငံသည် လေ့လာသူ အဖြစ်ပါဝင်ခဲ့ပါသည်။ အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို အဆင့်မြင့် စီးပွားရေး အရာရှိများ၊ ကဏ္ဍဆိုင်ရာ ကော်မတီများနှင့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့တို့က ထောက်ပံ့ပေးထားပါသည်။

ဖိလစ်ပိုင်သမ္မတ Ferdinand R. Marcos Jr. အနေဖြင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည့် (၄၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံအား အာဆီယံ ဥက္ကဋ္ဌ လွှဲပြောင်းခြင်း အခမ်းအနားသို့ တက်ရောက်ရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

Source: https://www.sunstar.com.ph/davao/business/ph-to-lead-2026-asean-economic-agenda

ဒေါ် ဝေဝေဇင်
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ထရမ့်သည် "အမေရိကန်ပထမ" နိုင်ငံခြား အကူအညီ ရန်ပုံငွေ ပြောင်းလဲမှုကို အစီအစဉ်ချထား

**"အမေရိကန်ပထမ"** အစီအစဉ်များအတွက် နိုင်ငံခြားအကူအညီ ဒေါ်လာ ၁.၈ ဘီလီယံကို ရွှေ့ပြောင်း အသုံးပြုရန် သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရက စီစဉ်နေသည်။ ဤအပြောင်းအလဲသည် ဂရင်းလန်း ကဲ့သို့သော ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် လက်တင်အမေရိကရှိ **"မှော်ဝါဒ၊ အမေရိကန်ကို ဆန့်ကျင်သည့်အဖွဲ့များ"** ကို တန်ပြန်ရန် ရည်ရွယ်သည်။ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်၊ အမေရိကကို ပိုမိုလုံခြုံ၍ အားကောင်းစေပြီး ပိုမို

ချမ်းသာလာစေရန်နှင့် အမေရိကန် အမျိုးသားလုံခြုံရေး အကျိုးစီးပွားအတွက် အဆိုပါ ရန်ပုံငွေများကို အသုံးပြုရန် လိုအပ်ကြောင်း အမေရိကန် ကွန်ဂရက်၏ ကြေညာချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ခြင်း ဖြစ်သည်။

အစိုးရ၏ စီမံကိန်းသည် ကွန်ဂရက်က ခွင့်ပြုထားသော အစီအစဉ်များမှ ရန်ပုံငွေကို ပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း The Washington Post က ဦးစွာ ဖော်ပြခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက **"အမေရိကန် ပထမ နိုင်ငံခြားအကူအညီ"** အစီအစဉ်အတွက် ကွန်ဂရက်နှင့် ပူးပေါင်း ဆောင်ရွက်ရန် မျှော်လင့်ကြောင်း၊ နိုင်ငံခြား အကူအညီ အစီအစဉ်များ သည် အစိုးရ၏ မူဝါဒများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**"အမေရိကန် ပြည်ထောင်စုသည် အကူအညီထက် ကုန်သွယ်ရေး၊ မှီခိုမှုထက် အခွင့်အလမ်း၊ အကူအညီထက် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးမည်"** ဟု ပြောရေး ဆိုခွင့်ရှိသူက အီးမေးလ်ဖြင့် ပေးပို့သော ကြေညာချက်တွင် ပြောကြားခဲ့သည်။ သမ္မတ ဒေါ်နယ် ထရမ့်၏ အစိုးရသည် ဇန်နဝါရီလတွင် သမ္မတ ဒုတိယသက်တမ်း စတင်ပြီးနောက် နိုင်ငံခြား အကူအညီများကို အကြီးအကျယ် ပြုပြင်ပြောင်းလဲခဲ့သည်။ ထိုနည်းဗျူဟာသည် အစားအသောက်၊ ဆေးဝါးနှင့် စီးပွားရေး အကူအညီသည် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ ဩဇာလွှမ်းမိုးမှု၏ အရေးပါသော **"soft power"** အစိတ်အပိုင်း တစ်ခု ဖြစ်သည် ဟူသော ယခင်ယူဆချက်များနှင့် ကွဲလွဲနေသည်။



စက်တင်ဘာ ၁၂ ရက်စွဲပါ ကြေညာချက်တွင် အစိုးရက ဒေါ်လာ ၁.၈ ဘီလီယံကို **"အမေရိကန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုကို ခိုင်မာစေရေး"** အစီအစဉ်များအတွက် ထရမ့်အစိုးရ၏ မူဝါဒများတွင် အဓိကကျသည့် နယ်ပယ် အချို့ကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ ထိုအစီအစဉ် များတွင် ခတ်သတ္တု သယ်ယူပို့ဆောင်ရေး ကွင်းဆက်များတွင် အမျိုးအစား စုံလင် စေရန်၊ မဟာဗျူဟာကျသော အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုး တက်မှုကိုမြှင့်တင်ရန်၊တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုကို ဆန့်ကျင်ရန်နှင့် လူဝင်မှုကြီး ကြပ်ရေး အကျပ်အတည်းကို ဖြေရှင်းရန်တို့ ပါဝင်သည်။

ကြေညာချက်တွင် ဒေါ်လာ သန်း ၄၀၀ သည် ဥရောပရေးရာ ဆောင်ရွက်မှုများ၊ ယူကရိန်းတွင် စွမ်းအင်နှင့် ခတ်သတ္တုတူးဖော်ရေး အစီအစဉ်များ၊ ဂရင်းလန်

တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အပါအဝင် ဆောင်ရွက်ချက်များအတွက် ထောက်ပံ့မည် ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် ဝင်ရောက်မှုများကို အဆုံးသတ်ရန်၊ ခေတ်သတ္တုနှင့် ဉာဏ်ရည်တုဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို တန်ပြန်ရန်နှင့် ဗင်နီဇွဲလား၊ကျူးဘားနှင့် နီကာရာဂွါတို့တွင် မာ့က်စ်ဝါဒ၊ အမေရိကန်ဆန့်ကျင်ရေး အဖွဲ့များကို ရင်ဆိုင်ရန် ဒေါ်လာ သန်း ၄၀၀ ကို ထောက်ပံ့ပေးမည်ဟု ထိုကြေညာချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလမှ စတင်၍ သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရသည် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID)၏ ဒေါ်လာဘီလီယံချီသည့် နိုင်ငံခြား အကူအညီများကို ရပ်တန့် ဖြတ်တောက်ခဲ့သည်။ အမေရိကန်နိုင်ငံရှိ အခွန်ထမ်းများ၏ ငွေများသည် သမ္မတ ဒေါ်နယ်ထရမ့်၏ **“အမေရိကန်ပထမ”** မူဝါဒနှင့်ကိုက်ညီသည့် အစီအစဉ်များ ဖြစ်ရန်လိုအပ်ကြောင်း ထရမ့်အစိုးရအဖွဲ့က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.reuters.com/world/us/trump-plans-america-first-foreign-aid-funding-shift-document-shows-2025-09-24/


ဦးဟိန်းဇော်
လက်ထောက်ညွှန်ကြားရေးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို OECD မြှင့်တင်ပြင်ဆင်

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (Organisation for Economic Co-operation and Development-OECD) သည် ၎င်း၏ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှု အလားအလာကိုပြင်ဆင်ပြောင်းလဲခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု၏မြင့်မားသော စည်းကြပ်ခွန်နှုန်းထားများ ကျင့်သုံးမှု မစခင် ကြိုတင်ပြီး ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ကုန်သွယ်မှုများကိုလုပ်ဆောင်ခဲ့ခြင်းသည်တည်ငြိမ်သည့် တိုးတက်မှုကို အထောက်အကူပြုခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် ၃.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု




မျှော်လင့်ကြောင်း OECD က အင်္ဂါနေ့တွင်ပြောကြားခဲ့သည်။၎င်းသည်ဇွန်လအတွင်း ၎င်း၏ ယခင်ခန့်မှန်းချက်ထက်၀.၃ရာခိုင်နှုန်း အမှတ်တက်လာခြင်းဖြစ်ပါသည်။ စီးပွားရေးတိုးတက်မှုသည်အမေရိကန် ပြည်ထောင်စု မှ၁.၈ ရာခိုင်နှုန်းနှင့် တရုတ် မှ ၄.၉ ရာခိုင်နှုန်းဖြစ်ပြီး အသီးသီး ၀.၂ ရာခိုင်နှုန်းအမှတ် တိုးလာမည်ဟု ခန့်မှန်းထားပါသည်။ ဂျပန်နိုင်ငံ၏ ကိန်းဂဏန်းသည် ၁.၁ ရာခိုင်နှုန်းဖြစ်ပြီး ၀.၄ မှတ် မြင့်တက်လာပါသည်။

သို့ရာတွင် နောက်နှစ်၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်မှုကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် ၂.၉ ရာခိုင်နှုန်းအထိ အရှိန်လျော့သွားမည်ဖြစ်ပြီး ထိုခန့်မှန်းချက်သည် ဩဂုတ်လကုန်တွင် ရှိနေသော နှစ်နိုင်ငံဆိုင်ရာ စည်းကြပ်ခွန်နှုန်းထားများ ဆက်လက်ရှိနေမည်ဆိုသော ယူဆချက်အပေါ် အခြေခံထားခြင်းဖြစ်ကြောင်း OECD က ပြောကြားခဲ့ပါသည်။ နောက်ထပ် စည်းကြပ်ခွန် တိုးမြှင့်ခြင်းကဲ့သို့ အကြောင်းရင်းများကို တိုးတက်မှုကျဆင်းရန် ဖြစ်နိုင်ခြေအဖြစ် ထောက်ပြထား ပါသည်။

ထို့ပြင်OECDကပိုမိုပွင့်လင်းမြင်သာပြီး ကြိုတင်ခန့်မှန်းနိုင်သည့် ကုန်သွယ်ရေးမူဝါဒမျိုးဖြစ်အောင် နိုင်ငံများအနေဖြင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း အလေးပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20250924_B2/

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## Illinois ရှိ စက်ရုံပိတ်မည့် US Steel ၏ အစီအစဉ်အား အမေရိကန်သမ္မတက တားမြစ်ခဲ့သည်ဟု အမေရိကန်မီဒီယာများဖော်ပြ




US Steel ကုမ္ပဏီ၏ Illinois ပြည်နယ်မှ စက်ရုံမှာ ထုတ်လုပ်မှုများအား ရပ်ဆိုင်းမည့် အစီအစဉ်ကို အမေရိကန် သမ္မတ Donald Trump အစိုးရက တားမြစ်လိုက်ကြောင်း Wall Street Journal (WSJ) သတင်းစာက ဖော်ပြခဲ့ပါသည်။ ယခုအချိန်တွင် ဂျပန်ကုမ္ပဏီ Nippon Steel က ပိုင်ဆိုင်သွားပြီဖြစ်သည့် အဆိုပါကုမ္ပဏီသည် ယခုလ အစောပိုင်းတွင် Illinois ပြည်နယ် Granite မြို့မှ အလုပ်သမားများကို နိုဝင်ဘာလတွင် စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုများအား ရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးခဲ့သည်ဟု Wall Street Journal ၏ သောကြာနေ့ထုတ် သတင်းစာတွင်ဖော်ပြခဲ့ပါသည်။ အဆိုပါစက်ရုံမှာ သံမဏိလွှာ အလိပ်များကို ထုတ်လုပ်ကြောင်း သိရှိရပါသည်။

အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Howard Lutnick က US Steel ၏ အမှုဆောင်အရာရှိချုပ် Dave Burritt ကို ဖုန်းနှင့် ဆက်သွယ်ခဲ့ပြီး အစိုးရအနေဖြင့် အဆိုပါ လုပ်ငန်းများ၏ လည်ပတ်မှု ရပ်ဆိုင်းခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း၊စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုနှင့် ပတ်သက်ပြီး **“ရွှေအစု ရှယ်ယာ အခွင့်အာဏာ”** ကို သမ္မတက အသုံးချမည်ဖြစ်ကြောင်း မစ္စတာ Lutnick က ပြောကြားခဲ့ပါသည်။

ဇွန်လတွင် US Steel ကို ဝယ်ယူချိန်၌ Nippon Steel သည် ရွှေအစု ရှယ်ယာအား ထုတ်ပေးရန် အမေရိကန် အစိုးရနှင့် သဘောတူခဲ့ပြီး အဆိုပါ ရှယ်ယာသည် US Steel ၏ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အရေးကြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမေရိကန်သမ္မတကို ဗီတိုအာဏာ အသုံးပြုခွင့်ပြုထားကြောင်း သိရှိရပါသည်။ သမ္မတ Trump အစိုးရက အဆိုပါ အခွင့်အာဏာကို အသုံးပြုရန် အရိပ်အမြွက် ပြောဆိုခဲ့ပြီးနောက် US Steel အနေဖြင့် လုပ်ငန်းရပ်ဆိုင်းရန် အစီအစဉ်ကို ရုပ်သိမ်းခဲ့ကြောင်း WSJ က မှတ်ချက်ပြုခဲ့ခြင်း ဖြစ်ပါသည်။ Nippon Steel အနေဖြင့် အမေရိကန်မီဒီယာများ၏ သတင်းဖော်ပြမှု နှင့် ပတ်သက်၍ မှတ်ချက်ပြုမည်မဟုတ်ကြောင်းနှင့် Illinois က အဆိုပါ စက်ရုံမှာ လုပ်ငန်းများကို

ဆက်လက် လည်ပတ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20250920_15/

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ဟောင်ကောင်တက္ကသိုလ်များက ဒေသခံမဟုတ်သောကျောင်းသားများကို ၂၀၂၆ ခုနှစ်မှစ၍ ပိုမိုလက်ခံမည်




ဟောင်ကောင် တက္ကသိုလ်များသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ဟောင်ကောင်ဒေသခံကျောင်းသားများ၏ ၅၀ ရာခိုင်နှုန်းအထိဒေသတွင်းမှမဟုတ်သော ကျောင်းသားများကို ကိုယ်ပိုင် ငွေကြေး ထောက်ပံ့မှုဖြင့် ဝင်ခွင့် လက်ခံခွင့်ပြုမည် ဖြစ်ကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ (Hong Kong Special Administrative Region - HKSAR) ၏ အုပ်ချုပ်ရေးမှူး လီကျားချောင်းက မူဝါဒရေးရာ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဟောင်ကောင် တက္ကသိုလ် များသည် ဒေသခံမဟုတ်ဘဲ ကိုယ်ပိုင်ငွေကြေး ထောက်ပံ့မှုနှင့် ကျောင်းတက်ရ လျှောက်လွှာတင်သူအရေအတွက်မှာ တစ်နှစ် ထက်တစ်နှစ် ရာခိုင်နှုန်းအားဖြင့် ဆယ်နှင့်ချီ၍ တိုးမြင့်လာသည်အထိ အလွန်ရေပန်းစား နေကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ဒေသခံမဟုတ်သော ကျောင်းသားလက်ခံမှုတွင် လက်ရှိ သတ်မှတ်ချက်မှာ ဒေသတွင်း ကျောင်းသား နေရာများ၏ ၄၀ ရာခိုင်နှုန်းဖြစ်သည်။ ထို့အပြင် ရန်ပုံငွေ ထောက်ပံ့ထားသော သုတေသနဘွဲ့လွန် အစီအစဉ်များတွင် ကိုယ်ပိုင်ငွေကြေးထောက်ပံ့မှုဖြင့် တက်ရောက်သည့် နေရာများအတွက် ကျောင်းအပ်နှံမှုသတ်မှတ်ချက်ကို ၁၀၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ သင်ကြားရေးနှင့် သုတေသနဆိုင်ရာ စွမ်းရည်များနှင့် ကျောင်း သား များကို ပိုမိုဆွဲဆောင် ရန်အတွက် HKSAR အစိုးရ၏ ပညာရေးဗျူရိုသည် ဟောင်ကောင်တွင် လေ့လာရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို တည်ထောင်မည် ဖြစ်သည်။

ဆက်စပ်သော ဆောင်ရွက်မှုအစီအမံများ၌ ပညာရေးလေ့လာမှုများ၊ သိပ္ပံသုတေသနနှင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုစသည့် နယ်ပယ်များတွင် ဟောင်ကောင်၏ အရည်အသွေးဆိုင်ရာ အရင်းအမြစ်များကို မြှင့်တင်ရန်**"ဟောင်ကောင်ကမ္ဘာ့အဆင့်မီ ကျောင်းတော်"** ဟူသည့် ကျယ်ပြန့်သော အများပြည်သူ ပညာပေးကမ်ပိန်း ကြေညာခြင်း စသည်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/50794

ဒေါ်ရီရီမွန်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အိန္ဒိယနှင့် အီးယူတို့သည် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် (FTA) ကို အပြီးသတ်ရန် နီးကပ်လာချိန် လာမည့် အောက်တိုဘာလတွင် ဆွေးနွေးပွဲကျင်းပမည်

အိန္ဒိယနိုင်ငံနှင့် ဥရောပသမဂ္ဂ (EU-The European Union) တို့အကြား လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာလတွင်(၁၄) ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားရှိပါကြောင်း အိန္ဒိယနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အတွင်းဝန် L Satya Srinivas က ပြောကြားခဲ့ပါသည်။



(၁၃) ကြိမ်မြောက်ညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပပြီးစီးခဲ့ပြီး ဆွေးနွေးပွဲများမှတစ်ဆင့် ၎င်းတို့အကြား ချုပ်ဆိုမည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းမှု တွင်သိသာထင်ရှားသော တိုးတက်မှုများကို ရရှိခဲ့ပါသည်။ (၁၄) ကြိမ်မြောက် ညှိနှိုင်း ဆွေးနွေးပွဲကို ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲလ် မြို့တွင် ၂၀၂၅ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့ထိ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါကြောင်း၊ နှစ်ဘက်စလုံးမှ စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုများကို အစောဆုံး အပြီးသတ်နိုင်ရန် ရည်မှန်းထားပြီး ယခုအခါ စီးပွားရေး ပေါင်းစည်းခြင်း၏

အဓိက ကျသော ကဏ္ဍများကို ရောက်ရှိ နိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဖော်ပြခဲ့ပါသည်။

အိန္ဒိယနှင့် အီးယူတို့အကြား စေ့စပ်ညှိနှိုင်းမှုများသည် နောက်ဆုံး စေ့စပ်ညှိနှိုင်းမှု အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါကိစ္စနှင့် နီးစပ်သော သတင်းရင်းမြစ်များက ဖော်ပြကြပါသည်။ အိန္ဒိယ-အီးယူ FTA နှင့် ပတ်သက်သည့် အဓိက ညှိနှိုင်းရမည့် ကိစ္စရပ်များ အားလုံးကိုလည်း ဖြေရှင်းပြီး ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နှစ်ဖက်လုံးသည် ဘက်စုံကုန်သွယ်မှု သဘောတူညီချက်ကို အာရုံစိုက်နေကြသော်လည်း အစောပိုင်းကာလတွင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

ဆွေးနွေးပွဲ၏ အဓိက ဦးစားပေးနယ်ပယ်များမှာ ပြည်တွင်းအတွက် အရေးကြီးသည့် ကဏ္ဍများကို ကာကွယ်ရန် ဖြစ်ပါသည်။ အိန္ဒိယအစိုးရသည် လယ်သမားများ၏ အကျိုးစီးပွားကို အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကာ ကုန်သွယ်ရေး ဆွေးနွေးပွဲများ အားလုံးကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကတိပြုခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် Narendra Modi နှင့် ဥရောပ ကော်မရှင်ဥက္ကဌ Ursula Von der Leyen တို့ မျှော်မှန်းထားသည့်အတိုင်း ကုန်သွယ်ရေး သဘောတူညီချက်ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးသတ်ရန် ရည်မှန်းထားကြောင်းသိရှိရပါသည်။

Source: https://www.ndtvprofit.com/economy-finance/free-trade-agreement-fta-india-european-union-eu-move-closer-to-deal-conclusion-next-round-in-october

ဦးဝေယံထွန်း
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အင်ဒိုနီးရှားအစိုးရက ရူပီးယား ၁၆ ထရီလီယံကျော် အသုံးပြုမည့် စီးပွားရေးနှိုးဆွမှု အစီအစဉ်ကိုထုတ်ပြန်

အင်ဒိုနီးရှားအစိုးရက နိုင်ငံ၏စီးပွားရေးကို နှိုးဆွနိုင်ရေးအတွက် ရူပီးယား ၁၆ ထရီလီယံကျော် အသုံးပြုမည့် အစီအစဉ်တစ်ရပ်ကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရပါသည်။ ရူပီးယား ၁၆.၂၃ ထရီလီယံ အသုံးပြုမည့် အဆိုပါ စီးပွားရေးနှိုးဆွမှု အစီအစဉ်တွင် အစားအစာများ ထောက်ပံ့ပေးမှုနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေး အစီအစဉ်တစ်ရပ်တို့ ပါဝင်ပါသည်။ တည်ဆောက်ရေးအစီအစဉ်ကြောင့် လူဦးရေခြောက်သိန်းကျော်ကို ယာယီအလုပ်အကိုင်များ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

အဆိုပါ စီးပွားရေးနှိုးဆွမည့်အစီအစဉ်ကို ယခုနှစ်၏ စတုတ္ထသုံးလပတ်ကာလတွင် အကောင်အထည် ဖော်သွားမည် ဖြစ်ကြောင်း၊ အချို့သောအစီအစဉ်များကို ၂၀၂၆ ခုနှစ်ထိ ဆက်လက်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။




အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ဒုတိယ သုံးလပတ် ကာလအတွင်း စီးပွားရေးတိုးတက်မှုသည် ၅.၁၂ ရာခိုင်နှုန်း ရှိကြောင်း၊ အဆိုပါပမာဏသည် နှစ်နှစ်အတွင်း အကောင်းဆုံးတိုးတက်မှု ဖြစ်သော်လည်း တတိယသုံးလပတ်တွင်မူ စီးပွားရေးတိုးတက်မှု ကျဆင်းမည့် အရိပ်လက္ခဏာများ မြင်တွေ့နေရကြောင်း အစိုးရတာဝန်ရှိသူအချို့က ပြောကြားခဲ့ ပါသည်။ ထိုအစီအစဉ်အရ အိမ်ထောင်စု ၁၈ သန်းကျော်ကို ဆန် ၁၀ ကီလိုဂရမ်နှုန်း ထောက်ပံ့ကာ ခရီးသွားကဏ္ဍရှိ အလုပ်သမားများထံမှ ဝင်ငွေခွန် ကောက်ခံမှုကို ဖယ်ရှားပြီး လူပေါင်းခြောက်သိန်းကျော်အတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ရန် ရူပီးယား ၅.၃ ထရီလီယံ အသုံးပြုသွား မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.myawady.net.mm/node/75296

ဒေါ်ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## Tik Tok ၏လုပ်ငန်းများကို ရောင်းချရန် ဆွေးနွေးခြင်းအပါအဝင် အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးမှုများ စပိန်တွင် စတင်




အမေရိကန်နှင့် တရုတ် အကြီးတန်း အစိုးရ အရာရှိများ၏ ဆွေးနွေးမှု အသစ်များကို စပိန်တွင် စတင် လိုက်ပြီဖြစ်ပြီး TikTok ၏ အမေရိကန်မှ လုပ်ငန်းများကို ရောင်းချရန် ဆွေးနွေးမှုလည်း ပါဝင်ပါသည်။ နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုများကို တနင်္ဂနွေနေ့က စပိန်နိုင်ငံမြို့တော် Madrid တွင် စတင်ခဲ့သည်ဟု Reuters နှင့် တရုတ်၏ နိုင်ငံပိုင် Xinhua သတင်းဌာန စသော သတင်းအေဂျင်စီများက ဖော်ပြခဲ့ပါသည်။

ယခင်က ဆွေးနွေးမှုများမှာ အမေရိကန်နှင့် တရုတ်သည် အပြန်အလှန် သတ်မှတ်ထားသော ထပ်ဆောင်း စည်းကြပ်ခွန်များကို လျှော့ချခဲ့ကြပြီး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်၍ နိုဝင်ဘာလ အထိ စည်းကြပ်ခွန်တချို့ကို ဆိုင်းငံ့ခဲ့ကြပါသည်။ Madrid တွင် ကျင်းပခဲ့သည့် အစည်းအဝေးသို့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး Scott Bessent နှင့် တရုတ်၏ စီးပွားရေးမူဝါဒများကို တာဝန်ယူ ဆောင်ရွက်နေသော တရုတ် ဒုတိယဝန်ကြီးချုပ် He Lifeng တို့ ပါဝင် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးမှုများ၌ စည်းကြပ်ခွန်ဆိုင်ရာ အစီအမံများ၊ စီးပွားရေး၊ ဗီဒီယို အတိုလေးများတင်သော တရုတ်နှင့် ပတ်သက် ဆက်နွှယ်နေသော TikTok အပလီကေးရှင်းဆိုင်ရာ ကိစ္စရပ်များကို အလေးပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ တရုတ်အနေဖြင့် TikTok ၏ လုပ်ငန်းများကို ရောင်းချသောကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန် ကိုယ်စားလှယ်အဖွဲ့က တိုက်တွန်းခဲ့ပြီး TikTok ၏ တရုတ်ပိုင်ရှင် အနေဖြင့် ၎င်း၏ အမေရိကန်မှ လုပ်ငန်းများကို စက်တင်ဘာလ ၁၇ ရက်မတိုင်မီ ရောင်းချသင့်သည် ဟူသော သဘောထားကို အမေရိကန်ဘက်က ဆက်လက် ကိုင်စွဲထားခဲ့ပါသည်။

အစောပိုင်းတွင် ၇ နိုင်ငံအုပ်စု (G7) ၏ ဘဏ္ဍာရေး အကြီးအကဲများနှင့် ဗဟိုဘဏ် ဥက္ကဋ္ဌများ၏ အစည်းအဝေးတွင် တရုတ်အပါအဝင် ရုရှားထံမှ ရေနံစိမ်း ဝယ်ယူထားသော နိုင်ငံများအပေါ် စည်းကြပ်ခွန် တိုးမြှင့်ရန် G7 နိုင်ငံများကို မစ္စတာ Bessent က တောင်းဆိုခဲ့ပါသည်။ အမေရိကန်နှင့် တရုတ်ကိုယ်စားလှယ်

အဖွဲ့သည် တနင်္လာနေ့တွင် ထပ်မံတွေ့ဆုံရာ၌ ရုရှားထံမှ တရုတ်က ရေနံစိမ်း ဝယ်ယူခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမှု ရှိ မရှိကို အာရုံစိုက်နေကြောင်း သိရှိရပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20250915_06/

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**တရုတ်နှင့်အိန္ဒိယကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် ထရန့်က အီးယူကိုတွန်းအားပေး**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယူကရိန်းစစ်ပွဲ အဆုံးသတ်ရန်အတွက် ရုရှားကိုဖိအားပေးရန် ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အပေါ် အခွန် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ရန် အီးယူကို တိုက်တွန်းခဲ့ကြောင်း အမေရိကန်နှင့် ဗြိတိန်မီဒီယာများက ဖော်ပြထားပါသည်။ သတင်းများအရ ထရန့်သည် စက်တင်ဘာလ ၉ ရက်က ဝါရှင်တန်ဒီစီတွင် ကျင်းပသည့် အမေရိကန်နှင့် အီးယူအရာရှိများ အစည်းအဝေးသို့ ဖုန်းခေါ်ဆို၍ အဆိုပါသတင်းစကားကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါတရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အပေါ် အခွန် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ရန် အီးယူကို တိုက်တွန်းခဲ့သတင်းကို ပထမဆုံးဖော်ပြခဲ့သည့် Financial Times ၏ ဖော်ပြချက်အရ အီးယူနိုင်ငံများအနေဖြင့် ရုရှားရေနံကို အဓိက ဝယ်ယူသည့် နိုင်ငံနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံပါက ထရန့်အနေဖြင့်လည်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရန် ပြင်ဆင်ထားကြောင်း ဖော်ပြခဲ့သည်ဟု ဆိုပါသည်။

**"ကျွန်ုပ်တို့ အခုကိုပဲ စတင်ဆောင်ရွက်ဖို့ အသင့်ရှိနေပါပြီ။ သို့သော် ကျွန်ုပ်တို့၏ ဥရောပမဟာမိတ်များကလည်း ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်မှသာလျှင် ဤကိစ္စကို ဆောင်ရွက်မည်ဖြစ်ပါသည်"** ဟု အမည်မဖော်လိုသူ အမေရိကန်

အရာရှိတစ်ဦး၏ ပြောကြားချက်ကို Times သတင်းစာက ဖော်ပြခဲ့ပါသည်။

ထရန့်၏အဆိုပြုချက်ကို Reuters ၊ Bloomberg နှင့် CNBC အပါအဝင် မီဒီယာအများအပြားက အတည်ပြုခဲ့ပါသည်။

ထရန့်သည် လွန်ခဲ့သောလက အိန္ဒိယနိုင်ငံ၏ ရုရှားရေနံ ဝယ်ယူမှုများ ဆက်လက်ရှိနေသည်ကို ကိုးကား၍ အိန္ဒိယမှ တင်သွင်းကုန်များကို အကောက်ခွန်နှုန်း ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့ပါသည်။

ထရန့်က ဝါရှင်တန်နှင့် နယူးဒေလီတို့သည် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအပေါ် ဆက်လက်ညှိနှိုင်းလျက်ရှိကြောင်း၊ လာမည့်ရက်သတ္တပတ်များအတွင်း ၎င်း၏ **"အလွန်ရင်းနှီးသောမိတ်ဆွေ"** အိန္ဒိယဝန်ကြီးချုပ် နရန်ဒြာမိုဒီနှင့် စကားပြောရန် မျှော်လင့်ကြောင်း လူမှုမီဒီယာတွင် စက်တင်ဘာလ ၉ ရက်က ရေးသားဖော်ပြခဲ့ပါသည်။

**"ကျွန်ုပ်တို့ နိုင်ငံကြီးနှစ်နိုင်ငံအတွက် အောင်မြင်သည့်အဆုံးသတ်သို့ ရောက်ရှိရန် အခက်အခဲမရှိဟု ကျွန်ုပ်ခံစားရပါသည်"** ဟု ထရန့်က Truth Social တွင် ရေးသားခဲ့ပါသည်။

ထရန့်၏ ပြောကြားချက်ကို တုံ့ပြန်သည့်အနေဖြင့် ဆွေးနွေးပွဲများသည် **"အိန္ဒိယ-အမေရိကန် မိတ်ဖက်အဖြစ် ကန့်သတ်မှုမရှိသော အလားအလာကို ဖွင့်ပေးနိုင်မည်"** ဟု ယုံကြည်ကြောင်း မိုဒီက ပြောကြားခဲ့ ပါသည်။

**"သမ္မတထရန့်နှင့် ဆွေးနွေးပြောဆိုရန် ကျွန်ုပ်လည်း မျှော်လင့်မိပါသည်"** ဟု မိုဒီက X တွင် ရေးသားခဲ့ပါသည်။

**"ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ပြည်သူများအတွက် ပိုမိုတောက်ပပြီး သာယာဝပြောသော အနာဂတ်ကိုရရှိရန် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားပါမည်"** ဟုလည်း မိုဒီက ပြောကြားခဲ့သည်။

ထရန့်သည် ရေနံဝယ်ယူမှုနှင့်ပတ်သက်၍ ဝါရှင်တန်နှင့် ကုန်သွယ်ရေးသဘောတူညီချက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်သည့် တရုတ်နိုင်ငံကို ပစ်မှတ်ထားခြင်းမရှိသေးပေ။

၎င်း၏ရွေးကောက်ပွဲကမ်ပိန်းအတွင်းတွင် ယူကရိန်းစစ်ပွဲကို အမြန်ဆုံးအဆုံးသတ်ရန် ကတိပြုခဲ့သည့် ထရန့်သည် ယူကရိန်းမြို့များကို ရုရှား၏ တိုးမြင့်တိုက်ခိုက်မှုများကြားတွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် ခက်ခဲမှုအပေါ် စိတ်ပျက်မိကြောင်း ထရန့်မ်က ဖော်ပြခဲ့သည်။

မော်စကိုနှင့် ကီယက်ဗ်တို့သည် သံတမန်ရေးအရ လပေါင်းများစွာ

ကြိုးပမ်းခဲ့သော်လည်း နယ်မြေပိုင်ဆိုင်မှုနှင့် ပင္လိုပက္ခလွန် လုံခြုံရေးအာမခံချက်များ စသည့်ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန်မှာ အလှမ်းဝေးနေဆဲဖြစ်သည်။

Source: https://www.aljazeera.com/economy/2025/9/10/trump-pushing-eu-to-slap-100-tariffs-on-china-india-reports-say

ဒေါ်ဇော်မီမီမော်
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၂၀၂၅ ခုနှစ် ထိပ်သီးအစည်းအဝေး - ကမ္ဘာ့ အစီအစဉ်သစ်ဖော်ဆောင်နိုင်ရေးအတွက် ပေကျင်း၏ကြိုးပမ်းမှုများမှ အဓိကကောက်နုတ်ချက်များ

Tianjin မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (SCO) ၏ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးသည် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများနှင့် အကောက်ခွန်များကြောင့် ကမ္ဘာကြီးမငြိမ်မသက် ဖြစ်နေချိန်တွင် အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်သော ဆက်ဆံရေးကို မီးမောင်း ထိုးပြလိုက်ခြင်းပင်ဖြစ်ပါသည်။



အနောက်အုပ်စုနိုင်ငံများ မဟုတ်သည့် နိုင်ငံများမှ ခေါင်းဆောင် ၂၀ ကျော် တက်ရောက်ခဲ့သည့် နှစ်ရက်ကြာ အစည်း အဝေးပွဲသည် အမေရိကန် ပြည်ထောင်စု ကို စိန်ခေါ်နိုင်မည့် ကမ္ဘာ့လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ အစီအစဉ် သစ်တစ်ခု ဖော်ဆောင်ရန် အတွက် ပေကျင်း၏ ရည်မှန်းချက်ကို ပြသနိုင်ခဲ့သည့် အစည်းအဝေးအဖြစ် ရှုမြင်ကြရမည် ဖြစ်ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကမ္ဘာလုံးဆိုင်ရာ အကောက်ခွန် တိုက်ပွဲကို သွယ်ဝိုက် တုံ့ပြန်သည့်အနေဖြင့် တရုတ်သမ္မတ **ရှီကျင့်ဖျင်**က ၎င်း၏ အဖွင့်မိန့်ခွန်းတွင် **"စစ်အေးခေတ် အတွေးအခေါ်၏ အရိပ်များနှင့် အနိုင်ကျင့်မှုများ မပျောက်ကွယ်သေးဘဲ၊ စိန်ခေါ်မှုအသစ်များ ဆက်လက်တိုးပွားလျက်ရှိသည်"** ဟု ပြောကြားခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးသည် **“New Crossroads”** ရောက်ရှိနေပြီး ကမ္ဘာကြီးသည် **“မငြိမ်မသက်မှုများ၏အဆင့်သစ်”** သို့ ဝင်ရောက်လာပြီဟု သမ္မတရှီ က ပြောကြားခဲ့ကာ **“ပိုမို တရားမျှတ၍ ဟန်ချက်ညီသော အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်ရေးမူဘောင်တစ်ရပ်”** ထူထောင်ရန် ပူးပေါင်းဆောင်ရွက်ရမည်ဟု သမ္မတရှီ က တိုက်တွန်းခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့အစီအစဉ်သစ် ပုံဖော်ရန်အတွက် ပေကျင်း၏ ကြိုးပမ်းအားထုတ်မှုသည် မည်မျှအောင်မြင်မှုရရှိမည်ကို ဆက်လက် စောင့်ကြည့်ရ မည် ဖြစ်ပါသည်။

## အိန္ဒိယ-တရုတ် ဆက်ဆံရေး ပိုမို နွေးထွေးလာမှု

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် တရုတ်မြေပေါ်တွင် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံနှစ်ခု (လူဦးရေ ၂.၈ ဘီလီယံခန့်) ကို ကိုယ်စားပြုသော ခေါင်းဆောင်များသည် **ပြိုင်ဘက်များမဟုတ်ဘဲ မိတ်ဖက်များ**အဖြစ် ရှုမြင်သည့် အမြင်ကို မျှဝေ ပြသခဲ့ကြပါသည်။

ခေါင်းဆောင်နှစ်ဦးသည် ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်ရန်နှင့် ကြာရှည်ဖြစ်ပွားနေသော နယ်နိမိတ်အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့ကြပါသည်။ နိုင်ငံနှစ်နိုင်ငံစလုံးသည် အမေရိကန်၏ မြင့်မားသောအကောက်ခွန်များဖြင့် ဖိအားပေးခံနေရချိန်တွင် ဤကဲ့သို့ဆက်ဆံရေး ပြေလည်လာခြင်းဖြစ်ပါသည်။

Asia Society Policy Institute မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Wendy Cutler က **“မိုဒီနှင့် ရှီတို့သည် သံတမန်ဆိုင်ရာ စကားလုံးအားလုံးကို အသုံးပြုကာ ကတိသစ်တစ်ရပ်ကို ပြသခဲ့ကြပြီး ထရမ့်၏ မြင့်မားသော အကောက်ခွန်များကြောင့် လှုံ့ဆော်ခံရခြင်းဖြစ်သည်”** ဟု ပြောကြားခဲ့ပါသည်။

သို့သော် အိန္ဒိယနိုင်ငံအနေဖြင့် ဈေးပေါသော တရုတ်သွင်းကုန်များ ဝင်ရောက်လာခြင်းကြောင့် ၎င်း၏ပြည်တွင်းစက်မှုလုပ်ငန်းများ ခြိမ်းခြောက်ခံရမှုနှင့် နယ်နိမိတ်အရေးအခင်းများ မပြေလည် သေးသည်ကို စိုးရိမ်နေဆဲဖြစ်သည့်အပြင် တရုတ်၏ ပါကစ္စတန်နှင့် ဆက်ဆံရေးသည်လည်း နယူးဒေလီ-ပေကျင်း ဆက်ဆံရေး တွင် အငြင်းပွားဖွယ်ရာအဖြစ်ရှိနေဆဲဖြစ်ပါသည်။

**“ကုန်သွယ်မှုဆက်ဆံရေး မြင့်တင်ခြင်းသည် မလွယ်ကူပါ”** ဟု Cutler က ပြောကြားခဲ့ပြီး တရုတ်သွင်းကုန်များကို ဆန့်ကျင်သည့် ကုန်ပစ္စည်းစွန့်ပစ်မှု တိုက်ဖျက်ရေး (Antidumping) အမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် နယူးဒေလီ

သည် ကန့်သတ်ချက်များကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့ပါသည်။

### သမ္မတ ရှီ၊ ပူတင်နှင့် ဝန်ကြီးချုပ် မိုဒီ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု အလားအလာ

SCO ထိပ်သီးအစည်းအဝေးသည် SCO ဆွေးနွေးပွဲများတွင် သမ္မတ ရှီ၊ ဝန်ကြီးချုပ် မိုဒီနှင့် ရုရှားသမ္မတ **ပူတင်**တို့ လက်ချင်းတွဲကာ ရယ်မောပျော်ရွှင်နေသည့် မြင်ကွင်းကိုလည်း ဖော်ပြနိုင်ခဲ့ပြီး အိန္ဒိယနှင့် တရုတ်တို့က ယူကရိန်းစစ်ပွဲအတွက် မော်စကိုကို ကူညီထောက်ပံ့နေသည်ဟု အမေရိကန်က စွပ်စွဲနေချိန်လည်း ဖြစ်ပါသည်။



တရုတ်နိုင်ငံကိုထိန်းချုပ်ရန်အတွက်အမေရိကန်နိုင်ငံကအချိန်အတော်ကြာ ချဉ်းကပ်ခဲ့သော အိန္ဒိယသည် သမ္မတထရမ့်၏ မြင့်မားသော အကောက်ခွန် များ၏ ပစ်မှတ်ဖြစ်ခဲ့ရပြီး ရုရှားနိုင်ငံသည်လည်း ယူကရိန်းတွင် ငြိမ်းချမ်းရေး ဆွေးနွေးရန် ဝါရှင်တန်၏ တွန်းအားပေးမှုကို ပယ်ချခဲ့ပြီး ပေကျင်းကလည်း အမေရိကန်နှင့် ကုန်သွယ်ရေး၊ နည်းပညာနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များဖြင့် ဆက်လက် ထိပ်တိုက်တွေ့နေဆဲ ဖြစ်ပါသည်။

ခေါင်းဆောင်သုံးဦး စုစည်းမှု၏ သင်္ကေတသည် တရုတ်နိုင်ငံကို အမေရိကန်နှင့် ပြိုင်ဘက် အဖြစ် ပုံဖော်ပေးနိုင်ခဲ့ပါသည်။ Eurasia Group မှ အကြီးတန်း ဆန်းစစ်သူ Jeremy Chan က ထရမ့်သည် အစည်းအဝေးအား "အသက်သွင်း လိုက်ခြင်း" ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် ၎င်း ၏ သံတမန်ရေးကို ဝါရှင်တန်ထက် ပိုမိုယုံကြည်စိတ်ချရသည့်အရာအဖြစ် ပုံဖော်ခွင့် ရရှိခဲ့သည်ဟု ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ် မိုဒီအား **"ချစ်ခင်ရသောမိတ်ဆွေ"** ဟု သမ္မတ ပူတင်က ခေါ်ဝေါ်ခဲ့ပြီး ၎င်းတို့၏ ဆက်ဆံရေးကို "**ရင်းနှီးပြီး ယုံကြည်မှုရှိသော**" ဆက်ဆံရေး အဖြစ် ဖော်ပြခဲ့ပြီးနောက်၊ ဝန်ကြီးချုပ် မိုဒီကလည်း အိန္ဒိယနှင့် ရုရှားတို့သည် ခက်ခဲသောကာလများတွင်ပင် ဘေးချင်းယှဉ် ရပ်တည်ခဲ့ကြကြောင်း ရုရှားသမ္မတအား ပြောကြားခဲ့ပါသည်။ နောက်ပိုင်းတွင် ဝန်ကြီးချုပ်မိုဒီသည် သမ္မတပူတင်၏ သံချပ်ကာ Aurus မော်တော်ယာဉ်အတွင်း၌ ၎င်းနှင့်အတူ ရိုက်ထားသော ဓာတ်ပုံကို လူမှုကွန်ယက်တွင် ပြသခဲ့ပါသည်။ **"အိန္ဒိယဟာ ဗျူဟာမြောက် ရွေးချယ်စရာတွေ**

**ပေကျင်းမှာသာမက မော်စကိုမှာပါ ရှိနေတယ်ဆိုတာကို ဝါရှင်တန်ကို သွယ်ဝိုက်တဲ့နည်းနဲ့အခွင့်အရေးယူပြီးအချက်ပြဖို့အတွက်ဒါကိုအသုံးပြုခဲ့ပါတယ်”**ဟု မစ္စတာ ချန်က ပြောကြားခဲ့ပါသည်။

ရုရှားအတွက်မူ SCO သည် သမ္မတပူတင်ကို ခုခံကာကွယ်နေစရာ မလိုသည့် နိုင်ငံတကာစင်မြင့်အနည်းငယ်ထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး အနောက်နိုင်ငံ၏ ပိတ်ဆို့အရေးယူမှုများကြားမှ ဩဇာကြီးမားသော အာရှမိတ်ဖက်များနှင့် မော်စကို၏ ခိုင်မာသော ဆက်ဆံရေးကို မီးမောင်းထိုးပြခဲ့ပါသည်။

## ဉာဏ်ရည်တု (AI) ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံ

SCO ၏ တီယန်ကျင်းကြေညာချက်တွင် **“ဉာဏ်ရည်တုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသုံးပြုရန်အတွက် နိုင်ငံအားလုံး၏ တန်းတူအခွင့်အရေးများ”** ကို အလေးထားဖော်ပြခဲ့ပြီး ဉာဏ်ရည်တု ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန် ကတိကဝတ်ပြုကြောင်း အတည်ပြုခဲ့ပါသည်။

အဆိုပါ ကြေညာချက်သည် ပြီးခဲ့သည့်လက ရှန်ဟိုင်းတွင် ပြုလုပ်ခဲ့သော အခြားသော ဉာဏ်ရည်တုဆိုင်ရာ ညီလာခံတစ်ခု၌ လျင်မြန်စွာ ပြောင်းလဲနေသော ဉာဏ်ရည်တုနည်းပညာကိုစည်းမျဉ်းသတ်မှတ်ရန်အတွက်ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ပေါင်းစပ်ညှိနှိုင်းပေးမည့် အဖွဲ့အစည်းတစ်ခုဖန်တီးရန် ဝန်ကြီးချုပ်လီချန်၏ အဆိုပြုချက်နောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

SCO အဖွဲ့ဝင်များသည် လူသားအားလုံး၏ အကျိုးအတွက် AI ၏ အန္တရာယ်များကို လျှော့ချရန်နှင့် လုံခြုံစိတ်ချရမှုနှင့် တာဝန်ယူမှုတို့ကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုခဲ့ကြပြီး ပူးပေါင်း AI ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်ချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန်လည်း ကတိပြုခဲ့ကြသည်။

မေလက ကျင်းပခဲ့သော SCO AI ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲအပြီး ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ပေကျင်းက အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဉာဏ်ရည်တု အသုံးချမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးစင်တာတစ်ခု တည်ဆောက်ရန်၊ ပွင့်လင်းရင်းမြစ် (open-source) ဉာဏ်ရည်တုပုံစံများကို မြှင့်တင်ရန်နှင့် အဆင့်မြင့်နည်းပညာများကို မျှဝေရန် ပူးပေါင်းလုပ်ဆောင်ကြရန် တောင်းဆိုခဲ့ကြပါသည်။

DGA Group မှ မိတ်ဖက်တစ်ဦးဖြစ်သူ Paul Triolo က **“ပေကျင်းဟာ [ပွင့်လင်းရင်းမြစ် စကားလုံး-ပုံစံကြီးများ] ကို ထုတ်လုပ်မှုဆိုင်ရာ အခြေခံ**

**အဆောက်အအုံအဖြစ် အားထားခဲ့ပါတယ်”** ဟု ပြောကြားခဲ့ပြီး၊ စိန်ခေါ်မှုမှာ **“ပွင့်လင်းရင်းမြစ်ပုံစံများကို နယ်စပ်ဖြတ်ကျော် အသုံးပြုမှုကို မည်သို့ စည်းမျဉ်း သတ်မှတ်မည်၊ သို့မဟုတ် စည်းမျဉ်းသတ်မှတ်ရန် လိုအပ်ပါက မည်သို့လုပ်ဆောင် မည်”** ဆိုသည့် အချက်တွင် တည်ရှိသည်ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။

**ဖွံ့ဖြိုးရေးဘဏ်အသစ် တည်ထောင်ရေး အစီအစဉ်**

အဖွဲ့ဝင်နိုင်ငံအချို့သည် SCO ဖွံ့ဖြိုးရေးဘဏ်အသစ် တစ်ခု ထူထောင်ရန် သဘောတူခဲ့ကြပြီး ၎င်းသည် အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားမှုကို လျှော့ချ ပြီး အခြားရွေးချယ်စရာ ငွေပေးချေမှုစနစ်တစ်ခု ထူထောင်ရန်အတွက် SCO အဖွဲ့၏ ကြာရှည်စွာ လုပ်ဆောင်ခဲ့သည့် ရည်မှန်းချက်တွင် အရေးပါသော ခြေလှမ်း တစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် တို့ကို တိုက်ရိုက် စိန်ခေါ်သည့်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စီမံကိန်းများအတွက် ရန်ပုံငွေထောက်ပံ့ရန် ဖွင့်လှစ်ခဲ့သော **အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု ဘဏ် (AIIB)** ၏ အကြီးဆုံး ရှယ်ယာရှင်ဖြစ်ပါသည်။

အဆိုပါ အဆိုပြုထားသည့် ဖွံ့ဖြိုးရေးဘဏ်သည် AIIB ၏ အရွယ်အစား အတိုင်း မဖြစ်နိုင်သော်လည်း တိုင်ပင်ခံအဖွဲ့အစည်း APAC Advisors ၏ အမှုဆောင် အရာရှိချုပ် မစ္စတာ စတီဗင်အိုကွန်က “**တရုတ်ဦးဆောင်သော ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးမူဘောင်၏ ‘ဗိသုကာ’ အဖြစ် ၎င်းကိုယ်သူ နေရာချထားရန် သမ္မတ ရှီ၏ ရည်မှန်းချက်ကို ထင်ဟပ်စေသည်**” ဟု ပြောကြားခဲ့ပါသည်။

ထို့အပြင် ပေကျင်းက အဖွဲ့ဝင်နိုင်ငံများအတွက် ယခုနှစ်အတွင်း အခမဲ့ အကူအညီအဖြစ် ယွမ်ငွေ ၂ ဘီလီယံ (၂၈၀ သန်း) နှင့် လာမည့်သုံးနှစ်အတွင်း အဖွဲ့အစည်းအဖွဲ့ဝင်များအား ချေးငွေအဖြစ် နောက်ထပ် ယွမ်ငွေ ၁၀ ဘီလီယံ (၁.၄ ဘီလီယံ) ပေးအပ်ရန်လည်း ကတိပြုခဲ့ကြပါသည်။

Source: https://www.cnbc.com/2025/09/02/sco-summit-2025-key-takeaways.html

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm